# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ရွေးကောက်တင်မြှောက်ခံရသူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကြေညာခြင်း | ၃ |
| ၅ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃ |
| ၆ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၇ | (က) သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၈ | (ခ) ချီဖွေမြို့နယ်၏ အဓိကဌာနဆိုင်ရာရုံး (၂၀) ခုရှိသည့် မြို့မလမ်း (၆၀၀၀) ပေခန့်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် (၁၈)ပေအကျယ်ရှိ ကွန်ကရစ်လမ်းနှင့် (၂၅)ပေခန့်ရှိ သံကူကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၉ | (ဂ) ထီးချိုင့်မြို့နယ်အတွင်းရှိ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာ ကျေးလက်လမ်းအား ရာသီမရွေးသွားလာနိုင်သော မြေပေါင်တင် ကျောက်ချောလမ်းခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ နှစ်မွှာချောင်းအား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၁၀ | (ဃ) လယ်ဝေးမြို့နယ် အနောက်ဘက်ခြမ်းရှိ လမ်းစဉ်၊ ခြောက်မိုင်၊ ကုန်းသာ၊ ကျီးအောင်းကျေးရွာများသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |

| | | |
|---|---|---|
| ၁၁ | (င) နတ်တလင်းမြို့နယ်၊ နတ်တလင်း-ဒမငယ်(၉/၄)မိုင် ကျောက်ချော လမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၁၂ | (စ) ဒလမြို့ ကွက်သစ်စီမံကိန်း ဖော်ဆောင်ရန် သိမ်းယူခဲ့သော မြေများအနက် ဆောင်ရွက်မှုမရှိသေးသော ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီး အနောက်ရပ်ကွက်၊ (၆)နံပါတ် ရပ်ကွက်များရှိ မြေများအား အနာဂတ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့်အချိန်တွင် မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၃ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၁၈ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း | ၂၄ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၂၇ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၁–၁၁–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **သရက်–အောင်လံ ရောဝတီမြစ်ကူး တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေမြို့နယ်၏ အဓိက ဌာနဆိုင်ရာရုံး (၂၀)ခု ရှိသည့် မြို့မလမ်း (၆၀၀၀) ပေခန့်အား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် (၁၈)ပေ အကျယ်ရှိ ကွန်ကရစ် လမ်းနှင့် (၂၅)ပေခန့်ရှိ သံကူကွန်ကရစ် တံတားတစ်စင်း ဆောက်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်အတွင်းရှိ ဒိုးပင်–မယ်ဇလီ–ညောင်ပင်သာ ကျေးလက်လမ်းအား ရာသီမရွေး သွားလာနိုင်သော မြေပေါင်တင် ကျောက်ချောလမ်း ခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ နှစ်မွာချောင်းအား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ် အနောက်ဘက်ခြမ်းရှိ လမ်းစဉ်၊ ခြောက်မိုင်၊ ကုန်းသာ၊ ကျီးအောင်း ကျေးရွာများသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၏ **နတ်တလင်းမြို့နယ်၊ နတ်တလင်း–ဒမငယ်(၉/၄) မိုင် ကျောက်ချောလမ်းအား ကတ္တရာလမ်း ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့ ကွက်သစ် စီမံကိန်းဖော်ဆောင်ရန် သိမ်းယူခဲ့သော မြေများအနက် ဆောင်ရွက်မှု မရှိသေးသော ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆) နံပါတ် ရပ်ကွက်များရှိ မြေများအား အနာဂတ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့်အချိန်တွင် စတင်မည်၊ မည်မျှအချိန် ကြာမြင့်မည်နှင့် မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **“နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေး လုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာ ကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်တင်မြှောက်ခံရသူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် ရက်စွဲပါကြေညာချက်အမှတ်(၂၄/၂၀၁၇)အရ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး အစားထိုးပြောင်းလဲထားတာ ရှိပါတယ်။

ဒါကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးအနေနဲ့ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာ ဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမယ့် လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့စားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးတို့က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုတဲ့အခါမှာ ကျွန်ုပ်ရဲ့နောက်မှာရှိတဲ့ ကွက်လပ်နေရာမှာ မိမိတို့ရဲ့နာမည်ကို ထည့်သွင်းပြီးတော့ ရွတ်ဆိုစေလိုပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၏ ကတိသစ္စာပြုချက်-

ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက ကတိသစ္စာပြုပါသည်။

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးသည် မိမိတို့အတွက် သတ်မှတ်ထားတဲ့နေရာသို့ ပြည်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦးက ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံး ကတိသစ္စာပြုလွှာကို အပ်နှံကြရန်ဖြစ်ပါတယ်။ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅ ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၇ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၄) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၅) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၁ ရက်၊

(၆) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၇) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၈) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၉) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၁၀) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၁၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၁၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၁၅) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၁၆) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၈) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၁၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်နှင့်

(၂၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအား မေးမြန်းလိုတာကတော့ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ကျေးဇူးပြုပြီးတော့ Power Point အသုံးပြုခွင့်ပြုပါ။ သရက်ခရိုင်အတွင်းမှာ သရက်မြို့၊ ကံမမြို့၊ မင်းတုန်းမြို့၊ မင်းလှမြို့၊ ဆင်ပေါင်ဝဲမြို့၊ အောင်လံမြို့တို့ ပါဝင်ပြီး အကျယ်အဝန်းဧရိယာစတုရန်းမိုင် ၄၆၃၂.၄၊ ဧက ၂၉၆၄၉၆၅၊ ကျေးရွာအုပ်စုပေါင်း ၃၇၇ အုပ်စု၊ ကျေးရွာပေါင်း ၁၀၃၃ ရွာ၊ ရပ်ကွက်ပေါင်း ၃၄ ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၅၈၆၉၀၊ အိမ်ခြေပေါင်း ၁၄၇၅၁၄၊ လူဦးရေ ၇၀၈၉၃၂ ယောက်ရှိပါတယ်။ သရက်ခရိုင်အတွင်း နယ်မြေအသုံးချမှုမှာ ဧကပေါင်း ၂၉၆၄၀၉၅ ရှိပြီး အသားတင်စိုက်ပျိုးဧက ၅၈၃၁၅၆၊ စိုက်ပျိုးနိုင်သောမြေရိုင်းဧကဟာ ၂၉၃၁၈ ဧက၊ သစ်တောကြိုးဝိုင်းဧက ၆၀၃၄၁၅ ဧက၊ အခြားသစ်တောမြေ ၁၄၉၆၈၃၊ အခြားမြေဧက ၂၅၂၁၂၃ ဧကတို့ ရှိပါတယ်။ စိုက်ပျိုးနိုင်သော သီးနှံများမှာ ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ ဝါအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထွက်ရှိပါတယ်။

သရက်ခရိုင်နဲ့နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိတဲ့ခရိုင်များမှာ အရှေ့ဘက်မှာ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်၊ တောင်ဘက်တွင် ပြည်ခရိုင်၊ အနောက်ဘက်တွင် ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်နဲ့ မင်းဘူးခရိုင်၊ မကွေးခရိုင်တို့နဲ့ဆက်စပ်လျက်ရှိပါတယ်။ သရက်ခရိုင်အတွင်းမှာ အ.ထ.က ကျောင်း ၂၄ ကျောင်း၊ အ.ထ.က (ခွဲ) ၃၄ ကျောင်း၊ အ.လ.က သုံးကျောင်း၊ အ.လ.က (ခွဲ) ၁၈၇ ကျောင်းနဲ့ မူလွန် ၂၀၁ ကျောင်း၊ အ.မ.က ၄၅၂ ကျောင်း၊ အ.မ.က (ခွဲ) ၆၀ ကျောင်းနဲ့ စုစုပေါင်း ၉၆၁ ကျောင်း ရှိပါတယ်။ အသားတင်ကျောင်းဝင်နှုန်းမှာ ၉၈.၅၊ ၅၉ ရာခိုင်နှုန်းနဲ့ အတန်းကျောင်းအဆင့် ကျောင်းဝင်နှုန်းမှာ ၉၅.၉၈ ရာခိုင်နှုန်း၊ အသားတင်ကျောင်းနေနှုန်းမှာ ၉၄.၆၈ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများမှာ အမှတ်(၃၁)အကြီးစားစက်ရုံ၊ အမှတ်(၁၀၂)သစ်စက်၊ အမှတ်(၉၆)သစ်စက်၊ အမှတ်(၁၇)အကြီးစားစက်ရုံ၊ ရေနံဓာတုဗေဒစက်ရုံ၊ သံပုရာကန်သံမဏိစက်ရုံ၊ ဒရင်ဒပိုလ်သကြားစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)နှင့် မီးခံအုတ်စက်ရုံတို့ရှိပါတယ်။

သရက်ခရိုင်အတွင်း ပုဂ္ဂလိကအသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများမှာ ဆန်စက် ၁၁၆၇ စက်၊ ပဲခွဲစက်၊ အမှုန့်ကြိတ်စက် ၄၃၄ စက်၊ မြေပဲခွဲစက် ၄၀၉ စက်၊ ဆီစက် ၃၅၇ စက်၊ ဝါကြိတ်စက် ၈ စက်၊ သစ်ခွဲစက် ၃၅ စက်၊ အရက်ချက်စက်ရုံ ၃၄ စက်၊ သောက်ရေသန့်စက် ၇ စက်၊ မလိုင်လုံးလုပ်ငန်း ၁၂ ခု၊ ခေါက်ဆွဲလုပ်ငန်း ၁၈ ခု၊ မုန့်ဟင်းခါးလုပ်ငန်း ၃၁ ခု၊ ပဲကြော်ပဲလှော်လုပ်ငန်း ၈၂ ခု၊ ရေခဲချောင်းစက်လုပ်ငန်း ၁၄ ခု၊ တောင်းနီးဖြာလုပ်ငန်း ၅၀ ခုနှင့် အုတ်နှင့်အုတ်ကြွပ်လုပ်ငန်း ၆၀ တို့ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနဲ့ပတ်သက်၍ သရက်ခရိုင်အတွင်း သရက်မြို့နယ်တွင် မော်တော်ယာဉ်လိုင်းများမှာ ငါးခုရှိပြီး ကားအစီးရေ ၃၇ စီး၊ ကံမမြို့တွင် မော်တော်ယာဉ်လိုင်း သုံးလိုင်း၊ ကားအစီးရေနှစ်စီး၊ မင်းတုန်းမြို့တွင် မော်တော်ယာဉ်လိုင်းပေါင်းရှစ်လိုင်း၊ ကားအစီးရေ ၅၄ စီး၊ ဆင်ပေါင်ဝဲမြို့တွင် မော်တော်ယာဉ်လိုင်း ရှစ်လိုင်း၊ ကားအစီးရေ ၂၆ စီး၊ အောင်လံမြို့တွင် မော်တော်ယာဉ်လိုင်းပေါင်း ၂၁ လိုင်း၊ ကားအစီးရေ ၁၆၅ စီးရှိပါတယ်။

ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၂၃ ခုရှိပါတယ်။ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံပိုင်ဘဏ် ၁၃ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်၊ အပေါင်ဆိုင် ၃၂ ဆိုင်အသီးသီးရှိပါတယ်။ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးမည်ဆိုပါက ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမြို့များနှင့် အရှေ့ဘက်ကမ်းမြို့များသို့ အချိန်ကာလကြာမြင့်မှုမရှိဘဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအဆင်ပြေချောမွေ့စွာ သွားလာလှုပ်ရှားလုပ်ကိုင်နိုင်မယ့် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်မှမေးမြန်းထားတဲ့ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ်ကူးတံတား(အောင်လံ-သရက်)ခန့်မှန်း အရှည် ၂၃၀၀ မီတာသည် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီမြစ်ရဲ့အရှေ့ဘက်ကမ်း အောင်လံမြို့နဲ့ အနောက်ဘက်ကမ်း သရက်မြို့နယ်တို့ကို ဆက်သွယ်မယ့်တံတားတစ်စင်း ဖြစ်ပါတယ်။ တံတား တည်ဆောက်မည်ဆိုပါက ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းဒေသများနဲ့ အနောက်ဘက်ကမ်းဒေသ များကို အလွယ်တကူသွားလာနိုင်မှာဖြစ်ပြီးတော့ အနောက်ဘက်ကမ်းအနေနဲ့ သရက်-မင်းတုန်းလမ်းမှ တစ်ဆင့် ပုသိမ်-မုံရွာလမ်းကိုဖြတ်ပြီးတော့ ကျောက်ဖြူရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန် ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းနှင့်လည်းဆက်စပ်သွားမှာဖြစ်ပါတယ်။

အရှေ့ဘက်ကမ်းအနေနဲ့ အောင်လံမှတစ်ဆင့် ရန်ကုန်-ပြည်-တောင်တွင်းကြီး-မကွေး-ကျောက်ပန်းတောင်း-မြင်းခြံ-မန္တလေးလမ်းမကြီးနဲ့ ချိတ်ဆက်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ဆောက်လုပ် ရေးလုပ်ငန်းသုံးအနေနဲ့ သရက်ဘိလပ်မြေစက်ရုံမှထုတ်လုပ်တဲ့ သရက်ဘိလပ်မြေအိတ်များကို

ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ခြမ်းဒေသများကို အလွယ်တကူဖြန့်ဖြူးနိုင်မှာဖြစ်ပါတယ်။ ဧရာဝတီတံတား (အောင်လံ-သရက်)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီး အတွင်း ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသရဲ့ စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင် ပြီးတော့ ဆက်စပ်ဒေသများရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးလွယ်ကူချောမွေ့လာမှုကြောင့် ဒေသခံပြည်သူများရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့တိုးတက်လာပြီး ဒေသတွင်းလူနေမှုဘဝများလည်း လွယ်ကူအဆင်ပြေလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုရီးယားနိုင်ငံ KOICA အကူအညီနဲ့ ဧရာဝတီ တံတား(အောင်လံ-သရက်) ၂၃၀၀ မီတာ တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် Feasibility Study လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဧရာဝတီ တံတား(အောင်လံ-သရက်)ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည် ပြီးတော့ တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ချီဖွေမြို့နယ်၏ အဓိကဌာနဆိုင်ရာရုံး (၂၀)ခုရှိသည့် မြို့မလမ်း(၆၀၀၀)ပေခန့်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် (၁၈)ပေအကျယ်ရှိ ကွန်ကရစ်လမ်းနှင့် (၂၅)ပေခန့်ရှိ သံကူကွန်ကရစ် တံတားတစ်စင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ အားလုံးကို အသိအမှတ်ပြု၍ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ချီဖွေမြို့နယ်သည် ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းရေးရယူထားသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ အဆိုပါမြို့နယ်တွင် နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးခဲ့တဲ့ ကွန်ကရစ်လမ်း၊ ကတ္တရာ လမ်းများ လုံးဝမရှိသေးသည်ကို တွေ့ရှိရတာဖြစ်ပါတယ်။ ချီဖွေမြို့စည်ပင်သာယာရေးအဖွဲ့ရဲ့ မြို့နယ် စည်ပင်သာယာ ရေးဝင်ငွေသည်လည်း မိမိတို့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ဝန်ထမ်းလစာများ အပြင် မလုံလောက်သည်ကို တွေ့ရှိရတာ ဖြစ်ပါတယ်။ ချီဖွေမြို့နယ်တွင် အစိုးရဌာနရုံး (၂၃)ခုရှိပါ တယ်။ ဘားလေးရပ်ကွက်နှင့် ယင်းတော်ရပ်ကွက်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးရုံးအပါ ဌာနဆိုင်ရာ ရုံး ၂၀ ခု တို့မှ ဌာနဆိုင်ရာရုံးဝန်ထမ်းများ ရုံးတက်/ရုံးဆင်းသွားလာမှုနှင့် အများပြည်သူများမှ သွားလာနေရသော မြို့မလမ်းပေ ၆၀၀၀ ခန့်သည် ကျောက်ကြမ်းလမ်းအဖြစ်နှင့်သာရှိနေပါသဖြင့် အများပြည်သူနှင့် ဌာနဆိုင်ရာရုံးဝန်ထမ်းများ၏ ကားနှင့်ဆိုင်ကယ်များဖြင့် ဖြတ်သန်းသွားလာရာတွင် ကုန်းတက်/ကုန်းဆင်းများပါသဖြင့် မကြာခဏအန္တရာယ်များနှင့် ကြုံတွေ့လျက်ရှိနေပါတယ်။ ၎င်းလမ်း သည် မိုးများသည့် ဒေသမြို့နယ်ဖြစ်သည့်အတွက်ကြောင့် ကွန်ကရစ်လမ်းနှင့်သာ အသင့်တော်ဆုံး ဖြစ်ပါ၍ ထိုလမ်းကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်းနှင့် ၂၅ ပေခန့်ရှိသော သံကူကွန်ကရစ်တံတား

တစ်စင်းအပါ အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ချီဖွေမြို့၏ မြို့နယ်ဌာနဆိုင်ရာရုံး ၂၀ ခု ရှိသည့် မြို့မလမ်းပေ ၆၀၀၀ ခန့်အတွင်းရှိ ဌာနဆိုင်ရာရုံးဝန်ထမ်းများ ရုံးတက်/ရုံးဆင်းနဲ့ အများပြည်သူများ ခက်ခဲစွာသွားလာနေရသောလမ်းအား ယခုဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးရန် မူလလျာထားမှုတွင်မပါရှိသဖြင့် ၁၈ ပေအကျယ်ရှိသော ကွန်ကရစ်လမ်းနှင့် ၂၅ ပေခန့်ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်စင်းအပါကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်မှ မေးမြန်းထားတဲ့ ချီဖွေမြို့နယ်၏ အဓိကဌာနဆိုင်ရာရုံး(၂၀)ခု ရှိသည့် မြို့မလမ်း ၆၀၀၀ ပေခန့်တွင် ဌာနဝန်ထမ်းများ ရုံးတက်/ရုံးဆင်းနှင့် အများပြည်သူများ ခက်ခဲစွာသွားလာနေသောလမ်းအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ဖြင့် ၁၈ ပေ အကျယ်ရှိ ကွန်ကရစ်လမ်းနှင့် ၂၅ ပေခန့်ရှိ သံကူကွန်ကရစ်တံတားတစ်စင်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချီဖွေမြို့နယ်၏ အဓိက ဌာနဆိုင်ရာရုံး(၂၀)ရှိသည့် မြို့မလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းမဟုတ်ဘဲနဲ့ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သိမ်းသွင်းပြီးမှသာလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ မြို့မလမ်း၏ လက်ရှိလမ်းအခြေအနေကတော့ သဲကျောက်အမာခံလမ်းဖြစ်ပြီး လမ်းအကျယ်ပျမ်းမျှ ပေ (၂၀) ခန့်ရှိပါတယ်။ ကွန်ကရစ်လမ်းခင်းရာတွင် ၆၀၀၀ ပေ x ၁၈ ပေ x ၉ ပေလက်မထု ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ကွန်ကရစ်ဖျော်စက်ဖြင့် AG ကွန်ကရစ်သယ်ယာဉ်များ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမှာဖြစ်ပါတယ်။

မြစ်ကြီးနားမြို့မှ ချီဖွေမြို့ဟာ ၈၈ မိုင်ကွာဝေးပြီးတော့ တည်ဆောက်ရေးစက်/ယာဉ်ပစ္စည်းများကို မြစ်ကြီးနားမြို့မှ သယ်ယူရမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် နယ်မြေလုံခြုံရေးအခြေအနေကတော့ လမ်းကြောင်းတစ်လျှောက် အသင့်အတင့်ကောင်းမွန်နေခြင်းကြောင့် ချီဖွေမြို့၊ မြို့မလမ်းကွန်ကရစ်လမ်းခင်းရန်အခက်အခဲမရှိနိုင်ပါဘူးခင်ဗျား။ ချီဖွေမြို့ရဲ့ မြို့မလမ်းပေါ်မှာ ချောင်းငယ်တစ်စင်းရှိတဲ့နေရာမှာ သံကူကွန်ကရစ်တံတား ပေ ၂၀ တစ်စင်း တည်ဆောက်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေမြို့၏ မြို့မလမ်းမှာ စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်ပြီးတော့ ကွန်ကရစ်တံတားလမ်းခင်းခြင်းလုပ်ငန်း ၆၀၀၀ ပေဆောင်ရွက်မည်ဆိုပါက ခန့်မှန်း

ငွေကျပ် ၄၁၆.၈၃၂ သန်းကုန်ကျမည်ဖြစ်ပြီးတော့ RC ကွန်ကရစ်တံတား ၂၅ ပေ တစ်စင်း တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ၄၀ သန်းကုန်ကျမည်ဖြစ်ကြောင်းနှင့် ချီဖွေမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိပါက ချီဖွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ထီးချိုင့်မြို့နယ်အတွင်းရှိ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာ ကျေးလက်လမ်းအား ရာသီမရွေးသွားလာနိုင်သော မြေပေါ်င်တင် ကျောက်ချောလမ်းခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ နှစ်မွာချောင်းအား ကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမှာက ထီးချိုင့်မြို့နယ်အတွင်း ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာကျေးလက်လမ်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ညောင်ပင်သာတိုက်နယ်ဆေးရုံနဲ့ ထီးချိုင့်မြို့သို့ ဆက်သွယ်ထားတဲ့ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေသားတာပေါင်တင်လမ်း ပြုလုပ်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဂျင်းဂဝံခင်းခြင်းကို မွမ်းမံဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မိုးရာသီမှာ ဧရာဝတီမြစ်ရေနဲ့ မဲဇာချောင်းရေကြီးမှုတို့ကြောင့် မြေပြန့်လမ်းပိုင်းမှာရှိတဲ့ နှစ်မွာချောင်းတံတားနဲ့ လက်ပံချောင်းတံတားတို့ဟာ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ပါတယ်။ လက်ပံချောင်းတံတားကတော့ ထီးချိုင့်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုအထူးသီးသန့်ရန်ပုံငွေမှ ကျခံကာ ကွန်ကရစ်တံတားတည်ဆောက်ပြီးဖြစ်ပါတယ်။ လက်ပံချောင်းတံတားကို ကွန်ကရစ်တံတားတည်ဆောက်ပေးခဲ့ပေမဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ နှစ်မွာချောင်းတံတားကို မဆောက်လုပ်ပေးနိုင်တဲ့အခါ မိုးတွင်းရာသီတစ်ခုလုံးနဲ့ ရေကြီးနေချိန်မှာ ညောင်ပင်သာအုပ်စုနဲ့ အနီးအနားကျေးရွာများဟာ ကုန်းလမ်းအရ ဆက်သွယ်ရေး လုံးဝပြတ်တောက်သွားပါတယ်။ ရေကြီးချိန်မှာ စက်လှေနဲ့ သွားလို့ရပေမဲ့ ရေကျပြီးစဆိုရင် ကုန်းမပေါက်၊ ရေမပေါက်ဖြစ်တဲ့အတွက် ညောင်ပင်သာဆေးရုံဝန်ထမ်းများ၊ ဆေးရုံကိုလာကြတဲ့ကျေးလက်နေပြည်သူများ၊ ထီးချိုင့်မြို့ကို ကူးသန်းရောင်းဝယ်ကြသူတွေပါ အားလုံးဒုက္ခရောက်ကြရပါတယ်။ ကျွန်တော် ဒီမေးခွန်းတင်တဲ့ အချိန်ထက် ယခုလက်ရှိအခြေအနေက ပိုဆိုးတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ဒီပုံကတော့ ၂၀၁၆ ခုနှစ် မြစ်ရေကြီးတုန်းက ပျက်စီးခဲ့တဲ့ နှစ်မွာချောင်းတံတားဖြစ်ပါတယ်။ လက်ရှိ ဒီလ နောက်ဆုံးရေကျချိန် ရိုက်ထားတဲ့ပုံပါ။ သေသေချာချာကြည့်ရင် ဒီတံတားဟာ တစ်ဆက်တည်းမဟုတ်ဘဲ နှစ်ပိုင်းပါ။ အလယ်မှာမြေသားရှိပါသေးတယ်။ ဒီပုံကတော့ အဲဒီတံတားရဲ့ ဘေးတိုက်ပုံတွေပါ။ ဒီပုံတွေကတော့ ၂၀၁၆ ခုနှစ်

က တံတားအပါအဝင် လမ်းကို ရေတိုက်စားလို့ ကျေးလက်ဦးစီးဌာနက ပြန်လည်ပြုပြင်ထားတဲ့ လမ်းပါ။ လမ်းပြုပြင်ဖို့ ဘတ်ဂျက်မပါတဲ့အတွက် လမ်းဘေးက ရှိတဲ့မြေကို ကုတ်တင်ထားရတဲ့အတွက် ကားတစ်စီးသွားရဖို့အနေအထားပါ။ ဒီပုံကတော့ အဲဒီနှစ်မှာ ပျက်စီးသွားတဲ့ လက်ပံချောင်းတံတားကို ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်မှာ ပြန်လည်တည်ဆောက်ပေးခဲ့တဲ့ ကွန်ကရစ်တံတားဖြစ်ပါတယ်။ ဒီပုံက တော့ ကျွန်တော် မေးခွန်းတင်တဲ့အချိန် အထက်မှာဖော်ပြခဲ့တဲ့ သွားရရုံလမ်းကလေးဟာ အခုနှစ် ၂၀၁၇ ခုနှစ် မြစ်ရေ၊ မဲဇာချောင်းရေလျှံတဲ့အခါမှာ ဒီမြေဖို့ထားတဲ့ချဉ်းကပ်လမ်းတွေဟာ အခုဖော်ပြပါ ပုံအတိုင်း ရေတိုက်စားခြင်းခံခဲ့ရတာဖြစ်ပါတယ်။ ဒါဟာ အောက်တိုဘာလ နောက်ဆုံးရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ချဉ်းကပ်လမ်းပျက်သွားတဲ့လမ်းမကြီးပေါ်က ရိုက်တဲ့ပုံပါ။ ဒါကတော့ လမ်းသွားဖြစ်ရုံလေး ဒေသခံတွေ ကိုယ့်နည်းကိုယ့်ဟန်လမ်းလုပ်ပြီးသွားနေကြတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပထမဆုံး တင်ပြခဲ့တဲ့ ကွန်ကရစ်တံတားဆောက်လုပ်မယ့် နှစ်မွှာချောင်းရဲ့တစ်ဖက်ကမ်းက လမ်းသွားမရလို့ တောထနေတဲ့ မူလလမ်းဟောင်းနေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလို့တဲ့မေးခွန်းက ထီးချိုင့်မြို့နယ်အတွင်းရှိ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာကျေးလက်လမ်း အား ရာသီမရွေးသွားလာနိုင်တဲ့ မြေပေါင်တင် ကျောက်ချောလမ်းခင်းပေးနိုင်ရန်နဲ့ အဲဒီလမ်းပေါ်မှာရှိ တဲ့ နှစ်မွှာချောင်းအား ကွန်ကရစ်တံတားဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်း ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာ ဆက်သွယ်ထားသောမြေသားလမ်းကို မြေသားတာပေါင်တင်ခြင်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စား လှယ်ကြီး မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာ ဆက်သွယ်ထားတဲ့ လမ်းအရှည် ၄ မိုင် ၃ ဖာလုံသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖြစ်ပြီးတော့ ထီးချိုင့်-မရသိမ်-တောမ-မော်ကွန်း- ကျောက်တန်း လမ်းမကြီးနှင့် ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေက မြေသားလမ်းဖြစ် ပြီးတော့ အဆိုပါလမ်းအား မြေသားတာပေါင်တင်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် အဆိုပါ လမ်းပေါ်ရှိ နှစ်မွှာချောင်းကူးတံတား ၁၆၀ ပေအား ဘိုးပိုင်တံတားတည်ဆောက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိ စတင်တည်ဆောက်မယ့်အခြေအနေကတော့ လမ်းကို အလျင်စလိုဆောင်ရွက် ခြင်းမျိုးမလုပ်ဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ လာမယ့် Servy ပြုလုပ်ပြီး သူကတော့ နှစ်စဉ် ရေကျော်နေတဲ့အပိုင်းများဖြစ်တဲ့အတွက် မြေသားတာပေါင် ရေလွတ်တဲ့ အထိ တင်ရမှာဖြစ်ပါတယ်။ အဲဒီအတွက် နှစ်မွှာချောင်းကူးတံတားကို လာမယ့်နှစ်မှာ ရန်ပုံငွေ တင်ပြဖို့

စီစဉ်ထားပါတယ်။ တံတားအရင်ဆောက်ပြီးမှ ကျွန်တော်တို့ လမ်းကို ရေလွတ်တဲ့အဆင့်အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားသော ထီးချိုင့်မြို့နယ်၊ ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာကျေးလက်လမ်းအရှည် ၄ မိုင် ၃ ဖာလုံသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) တွင် ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်မတိုင်မီ ရန်ပုံငွေတင်ပြတောင်းခံပြီး ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ဝေးမြို့နယ် အနောက်ဘက်ခြမ်းရှိ လမ်းစဉ်၊ ခြောက်မိုင်၊ ကုန်းသာ၊ ကျီးအောင်းကျေးရွာများသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အာလုံးမင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ဝေး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားအပ် တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ လယ်ဝေးမြို့နယ်ဟာဆိုရင် ကျေးရွာပေါင်း ၂၆၁ ရွာ၊ ရပ်ကွက်ကြီး ၇ ရပ်ကွက်နှင့် လူဦးရေ ၃ သိန်းနီးပါးနေထိုင်တဲ့မြို့ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ ၈ မြို့နယ်ထဲ မှာဆိုရင်လည်း လမ်းခရီးခက်ခဲမှုတွေကြောင့် လယ်ဝေးမြို့နယ်ဟာ အစစအရာရာဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျနေရတဲ့ မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူလူထုတွေရဲ့ ပညာရေး၊ ကျန်းမာ ရေးအပါအဝင် လူမှုစီးပွားဘဝတွေတိုးတက်မြင့်မားလာဖို့အတွက်ဆိုရင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဟာ လွန်စွာမှအရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်လို့နေပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်-ရန်ကုန်အမြန်လမ်းမ ကြီးရဲ့ မိုင်တိုင်အမှတ် ၁၉၃ မိုင် ၁ ဖာလုံ လမ်းရဲ့အနောက်ဘက်အခြမ်းမှာရှိတဲ့ ခြောက်မိုင်၊ ကုန်းသာ ကျီးအောင်းကျေးရွာများအထိ ဆက်သွယ်ထားတဲ့မြေသားလမ်းဟာဆိုရင် ၁၀ မိုင်ဝန်းကျင်ခန့်ရှိပါ တယ်။ အဲဒီမြေသားလမ်းကို ကျေးရွာပေါင်း ၁၅ ရွာမှာနေထိုင်ကြတဲ့ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသထွက်ကုန်ကောက်ပဲသီးနှံများ၊ ကျန်းမာရေးစတဲ့ ကိစ္စရပ်များအတွက် ပြည်သူ တွေမှာနေ့စဉ်နဲ့အမျှ သွားလာအသုံးပြုနေရတဲ့၊ အားထားနေရတဲ့ တစ်ခုတည်းသော လမ်းလည်း ဖြစ်ပါတယ်။ ကုန်းသာ-ကျီးအောင်းကျေးရွာများအထိ ဆက်သွယ်ထားတဲ့မြေသားလမ်းဟာဆိုရင် မိုးရာသီကာလများမှာတော့ ဆိုင်ကယ်ပင်စီးလို့မရတဲ့အထိ ဆိုးရွားစွာ ပျက်စီးလို့နေပါတယ်။ အဲဒီလို ဆိုးဆိုးရွားရွားပျက်စီးနေတာတွေကြောင့် ကျောင်းသူကျောင်းသားတွေမှာ သွားလာရေးခက်ခဲနေရလို့ ပညာရေးကိုပင်ကောင်းစွာမသင်ယူရတဲ့အထိ ဖြစ်လို့နေပါတယ်။ ဒါ့အပြင် ကျန်းမာရေးမကောင်းတဲ့ လူနာများကိုလည်း မြို့ဆေးရုံသို့တင်ပို့ကာ ဆေးကုသနိုင်ရန်အတွက် ပုခတ်ထမ်းစဉ်များဖြင့်

ခက်ခက်ခဲခဲသယ်ထုတ်ရတဲ့အထိ ပြုလုပ်နေရလို့ ဒေသခံပြည်သူတွေမှာ များစွာဒုက္ခရောက်လို့ နေရပါတယ်။ ဒါ့ကြောင့် ကုန်းသာ-ကျီးအောင်းကျေးရွာများအထိ ဆက်သွယ်ထားတဲ့မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန် လိုအပ်လို့နေပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ ကျေးရွာတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေကို လေ့လာကြည့်တဲ့အခါမှာ လမ်းခရီးခက်ခဲတဲ့ကျေးရွာတွေထက် အစစအရာရာလူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ဝေးမြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၁၅ ရွာမှ ပြည်သူများ နေ့စဉ်သွားလာအသုံးပြုနေရသော လမ်းစဉ်၊ ခြောက်မိုင်၊ ကုန်းသာ၊ ကျီးအောင်းကျေးရွာ များသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးမှ မေးမြန်းထားတဲ့ လယ်ဝေးမြို့နယ်ရှိ လမ်းစဉ်-ခြောက်မိုင်-ကုန်းသာ-ကျီးအောင်း ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမြို့နယ်ရှိ လမ်းစဉ်-ခြောက်မိုင်-ကုန်းသာ-ကျီးအောင်း ကျေးရွာချင်းဆက်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖြစ်ပြီး အမြန်လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းသည် အရှည် ၁၀ မိုင် ၄ ဖာလုံရှိပြီး လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း ၆ ဖာလုံ နှင့် မြေသားလမ်း ၉ မိုင် ၆ ဖာလုံရှိပါတယ်။ အဆိုပါ မြေသားလမ်း ၉ မိုင် ၆ ဖာလုံအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော လယ်ဝေးမြို့နယ်အတွင်းရှိ လမ်းစဉ်၊ ခြောက်မိုင်၊ ကုန်းသာ၊ ကျီးအောင်းကျေးရွာချင်းဆက်လမ်း အရှည် ၁၀ မိုင် ၄ ဖာလုံသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A)မှာ ပါဝင်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နတ်တလင်းမြို့နယ်၊ နတ်တလင်း-ဒမငယ်(၉/၄)မိုင် ကျောက်ချောလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်တလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ နတ်တလင်းမြို့နယ်အတွင်းရှိ နတ်တလင်း-ဒမငယ်-တောင်ညို-မြို့သစ် ကျောက်ချောလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်တလင်းမြို့မှ အရှေ့ဘက် ဒမငယ်ကျေးရွာသို့ ကျောက်ချောလမ်း ၉ မိုင် ၄ ဖာလုံနဲ့ ဒမငယ်မှ အရှေ့ဘက်တောင်ညိုမြို့သစ်သို့ သွားသောကျောက်ချောလမ်း သုံးမိုင် စုစုပေါင်း ကျောက်ချောလမ်း ၁၂ မိုင် ၄ ဖာလုံခန့်ရှိပါတယ်။ ၁၉၉၄ ခုနှစ်၊ တောင်ညိုဆည်တည်ဆောက်စဉ်က ဆည်ဧရိယာနှင့်မလွတ်သော ကျေးရွာများမှ ပြောင်းရွှေ့ပေးကြသော ပြည်သူများနေထိုင်ရန်အတွက် အစိုးရက တောင်ညိုမြို့သစ်ဖော်ထုတ်ပေးပြီး တောင်ညိုမြို့သစ်တွင် ရပ်ကွက်ကြီး ငါးခု၊ တိုက်နယ်ဆေးရုံ၊ အ.ထ.ကကျောင်း၊ ရဲစခန်း၊ ဈေးများလည်းရှိပါတယ်။ နတ်တလင်း-ဒမငယ်တောင်ညိုလမ်းဝဲ/ယာပတ်ဝန်းကျင်ကျေးရွာအုပ်စုပေါင်း ၁၉ အုပ်စု၊ ကျေးရွာပေါင်း ၆၄ ရွာ၊ အိမ်ထောင်စုပေါင်း ၁၀၇၁၆၊ လူဦးရေစုစုပေါင်း ၄၂၉၇၈ တို့၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအရပ်ရပ်ဆောင်ရွက်ရန်အတွက် ထိုလမ်းကို အဓိကမှီခိုအားထားနေရပါတယ်။ နတ်တလင်း-ဒမငယ်-တောင်ညိုလမ်းသည် ယခင်က မြို့အရှေ့ဘက်လမ်းရှိ ပဲခူးရိုးမသစ်တောများအတွင်းမှ ကျွန်း၊ ပျဉ်းကတိုးစသော သစ်များကို ၁၀ ဘီးကားကြီး၊ ၁၂ ဘီးကားကြီးများဖြင့် နှစ်စဉ်သယ်ဆောင်ရာသစ်ထုတ်လုပ်ရေးဌာန၏ အဓိကလမ်းကြောင်းဖြစ်ခဲ့ပါတယ်။ ထိုစဉ်က သစ်ထုတ်လုပ်ရေးဌာနက နှစ်စဉ်ထိုလမ်းကို ပြုပြင်ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှ သစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းခဲ့သောကြောင့် သစ်ထုတ်လုပ်ရေးဌာနကလည်း ထိုလမ်းကို ပြုပြင်ပေးခြင်းမရှိတော့ပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တောင်ညိုဈေး၏ရေလွှတ်ပေးသောဆည်မြောင်းများကို JICA ၏အကူအညီဖြင့် ဆည်မြောင်းရေလွှတ်မြောင်းများကို ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ၎င်းတို့အတွက်လိုအပ်သော ကျောက်စရစ်များ၊ သဲများ၊ ဘိလပ်မြေအိတ်များကို ဒမငယ်ကျေးရွာပတ်ဝန်းကျင်သို့ ထိုလမ်းများကို အသုံးပြုပြီး သယ်ယူရသဖြင့် သဲကား၊ ကျောက်ကား၊ ဘိလပ်မြေကားများကြောင့် လမ်းများပိုမိုပျက်စီးခဲ့ပါတယ်။ JICA စီမံကိန်းနှင့် ပတ်သက်၍ နတ်တလင်းမြို့နယ်တွင် တာဝန်ကျသော ဆည်မြောင်းအင်ဂျင်နီယာများအား ၎င်းတို့၏ လုပ်ငန်းအခြေအနေကို ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လကုန်လျှင် နတ်တလင်း-ဒမငယ်တောင်ညိုလမ်းပတ်ဝန်းကျင်ရှိ ဆည်မြောင်းများ ပြုပြင်ရေးလုပ်ငန်းပြီးစီးပြီဖြစ်ပြီး နတ်တလင်း-ဒမငယ်-တောင်ညိုလမ်းနှင့် အလှမ်းဝေးကွာသောနေရာများရှိ ရေလွှတ်မြောင်းများသို့ ပြောင်းရွှေ့

ပြုပြင်ဆောင်ရွက်မည်ဖြစ်၍ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်ကုန်နောက်ပိုင်းတွင် JICA စီမံကိန်းအတွက် ထိုလမ်းကို အသုံးပြုရန်မလိုတော့ကြောင်း ပြောပြသိရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ လမ်းတွေပါ။ ကျေးဇူးတင်ပါတယ်။ လမ်းကတော့ အားလုံးက ဒမငယ်ထိက ကိုးမိုင်ကျော်က ဒီနေရာပြတာလေးတင် မကပါဘူး။ ကျွန်တော်က နမူနာပဲပြတာဖြစ်ပါတယ်။ တစ်လျှောက်လုံး ဒီလိုပါပဲ အကုန်ပျက်စီးနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းကလည်း မပြုပြင်၊ ဒီနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း မပြုပြင်တဲ့အတွက် လမ်းဟာအခြေအနေတော်တော်ဆိုးနေပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ မဖြစ်မနေပြင်ဆင်ပေးရန် အထူးလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်တင်ပြတဲ့ နတ်တလင်း-ဒမငယ်-တောင်ညိုလမ်းဟာ သာမန်ကျေးရွာချင်းဆက်လမ်းမဟုတ်ပါဘူးခင်ဗျား။ တောင်ညို-မြို့သစ်-ဒမငယ်ကျေးရွာများနှင့်လမ်း၏ ဝဲ/ယာကျေးရွာပေါင်း ၆၄ ရွာနှင့် နတ်တလင်းမြို့ကို ဆက်သွယ်ထားသောလမ်းဖြစ်တဲ့အပြင် လမ်းဦးစီးဌာနပိုင် ရန်ကုန်-ပြည်ဟိုက်ဝေးလမ်းမကြီးနှင့် ဆက်သွယ်ထားသောလမ်းဖြစ်တဲ့အတွက်ကြောင့် ကျေးလက်အဆင့်(၁)ကျောက်ချောလမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကိုပြုပြင်မယ်ဆိုရင်လည်း ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ခင်းပေးရမှာဖြစ်ပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ်လမ်း ၁၂ မိုင် ၄ ဖာလုံကျောက်ချောလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်အတွင်း နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ် ဆက်သွယ်ထားသော ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသော ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်အတွင်းရှိ နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ်ဆက်သွယ်ထားသော မြို့သစ်လမ်း အရှည် ၁၂ မိုင်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖြစ်ပြီး ရန်ကုန်-ပြည်လမ်းနှင့် ဆက်သွယ်သောလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ကျောက်ချောလမ်း ၉ မိုင် ၄ ဖာလုံရှိပြီး ၂ မိုင် ၄ ဖာလုံမှာ မြေနီလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ဆည်မြောင်းဦးစီးဌာနမှ JICA အစီအစဉ်ဖြင့် တောင်ညိုဆည်ရေသောက်စနစ်

အတွက် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် အသုံးပြုလျက်ရှိပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ ဆည်မြောင်းဦးစီးဌာနမှ စီမံဆောင်ရွက်ဆဲကာလအတွင်း လမ်းပျက်စီးမှုများအား ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ထားလျက်ရှိပါကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ်လမ်း အရှည် ၁၂ မိုင်သည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) တွင်ပါဝင်တဲ့လမ်းဖြစ်ပြီးတော့ ဆည်မြောင်းလုပ်ငန်းများကလည်း ၂၀၁၈ ခုနှစ် မတ်လမှာ ပြီးစီးမည်ဟု သိရတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စပြီးတော့ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒလမြို့ ကွက်သစ်စီမံကိန်းဖော်ဆောင်ရန် သိမ်းယူခဲ့သောမြေများအနက် ဆောင်ရွက်မှုမရှိသေးသော ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆)နံပါတ် ရပ်ကွက်များရှိ မြေများအား အနာဂတ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့်အချိန်တွင် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဒလသူ၊ ဒလသားချင်းအတူတူ အလိမ်ခံနေရတဲ့ ဒလမြို့ပေါ်မှာရှိတဲ့ ၁၁/၁၄ ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်နေ ပြည်သူများရဲ့ နှစ်ပေါင်းများစွာ မျှော်လင့်နေတဲ့အဖြေအတွက် မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒလမြို့နယ်ဟာ ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေ ၁၇၀၀၀၀ ကျော်ရှိပြီး မြို့ပေါ်လူဦးရေးကတော့ ၁၁၀၀၀၀ ကျော်ဖြစ်ပါတယ်။ အဆိုပါရပ်ကွက် သုံးရပ်ကွက်မှာ လူဦးရေစုစုပေါင်းကတော့ ၁၃၀၀၀ ကျော်နေပါတယ်။ မြို့နေလူဦးရေးရဲ့ ၁၀ ယောက်မှာ တစ်ဦးကျော်နေတဲ့ သဘောဖြစ်ပါတယ်။ ဒါပေမဲ့ မြို့ကွက်သစ်ကို သက်ဆိုင်ရာဌာနက ချထားပေးတဲ့အခါမှာ ရပ်ကွက် ၂၃ ရပ်ကွက်ကို ချထားပေးရမယ့်အစား ၂၀ သာချထားပေးပြီးတော့ ရပ်ကွက်သုံးခုက လျစ်လျူရှုခံထားရတဲ့အတွက် ၁၀ ယောက်မှာ တစ်ယောက်က ပစ်ပယ်ခံထားရတဲ့ အနေအထားကို ရောက်ရှိနေပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနိုင်တယ်လို့ ယူဆတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရပ်ကွက်နေပြည်သူတွေက ကျွန်တော်တို့မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးကို ပေးပို့တဲ့စာတွေအရ ၁၉၉၁ ခုနှစ်ကတည်းက ပြည်ထဲရေးကနေ

ပြီးတော့ မြို့ကွက်သစ်စီမံကိန်းအတွက် မြေတွေကို ဧက ၁၀၀၀ ကျော်သိမ်းခဲ့ပြီး မြို့ပြနဲ့အိုးအိမ်ဖွံ့ဖြိုး ရေးဆိုင်ရာဌာနကို ဒလမြို့ကွက်သစ်လုပ်ဖို့ လွှဲပေးခဲ့ပါတယ်။ စုစုပေါင်း ကျန်ရှိနေတဲ့ မလွှဲရသေးတဲ့ မြေဧကကတော့ ၂၀၃.၈၆ ဧကလို့ သိရပါတယ်။ ရပ်ကွက် ၂၀ ကတော့ မြို့ကွက်သစ်ဖြစ်လာပြီး YCDC ကို လွှဲပေးခဲ့ပါတယ်။ ဒါပေမဲ့ မေးခွန်းမှာပါတဲ့ ရပ်ကွက်သုံးခုကတော့ အမေးခံဘဝနဲ့ ဘာမှ ဖြစ်မလာခဲ့ပါဘူး။ စုံစမ်းကြည့်လိုက်တဲ့အခါမှာ မြို့ကွက်သစ်အမည်ပေါက်ပြီး ဘဏ္ဍာရေးဆိုင်ရာ အတည်ပြုချက်ကိုတောင်မှ သက်ဆိုင်ရာဌာနက ထုတ်ပြန်ရရှိပြီးဖြစ်တယ်လို့ သိရပါတယ်။ မြို့ကွက်သစ်မြေပုံကိုလည်း သက်ဆိုင်ရာမြို့အိုးမှာရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့ကွက်သစ်ကို အဆိုပါရပ်ကွက်မှာ ချပေးမယ်ဆိုလို့ရှိရင် ရန်ကုန်မြို့တော်စည်ပင်ကိုလွှဲအပ်ပြီးရင် ဒလမဲဆန္ဒရှင်တွေ၊ ပြည်သူတွေရဲ့ ဆန္ဒတွေပြည့်ဝသွားမှာဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ အဆိုပါရပ်ကွက်နေ ပြည်သူတွေဟာ ကျေးရွာအဆင့်လည်းမက မြို့အဆင့်လည်းမရှိ ဘာလိုလိုဖြစ်နေတဲ့အတွက် ဒီမေးခွန်းကို မေးရတာ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ဆက်လက်တင်ပြခွင့်ပြုပါ။ ဒါကတော့ မြို့ကွက်သစ်ရရှိပြီးဖြစ်တဲ့ ရပ်ကွက် ၂၀ ရဲ့ သာသာယာယာအနေအထားဖြစ်ပါတယ်။ ဒါကတော့ မြို့ကွက်သစ်မရရှိတဲ့ ၁၁/၁၄ ရပ်ကွက်ရဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ မရရှိသေးတဲ့ (၆)နံပါတ်ရပ်ကွက်ရဲ့ အနေအထားဖြစ်ပါတယ်။ အုံကြီးအနောက်ရပ်ကွက် မရရှိသေးပါဘူး။ အနေအထားဖြစ်ပါတယ်။ ဒီပုံတွေကို သေချာကြည့်လိုက်မယ်ဆိုလို့ရှိရင် နေအိမ်တွေဟာ ပြည့်သိပ်ကြပ်နေပါတယ်။ လမ်းနယ်နိမိတ်တွေမရှိပါဘူး။ လမ်းဘေးကပ်ဆောက်ထားရပါတယ်။ မီးသတ်ကား ဝင်လို့မရပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာသယ်မယ်ဆိုရင်တောင် အင်မတန် အခက်အခဲရှိပါတယ်။ အင်မတန်ပြည်သူလူထုဟာ ဒုက္ခရောက်နေပါတယ်။ ဒါကတော့ မြို့ကွက်သစ် စီမံကိန်းမှာပါတဲ့ သက်ဆိုင်ရာ မချရသေးတဲ့ ရပ်ကွက်တွေအတွက် မြို့ကွက်သစ်စီမံကိန်းမြေပုံတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အထူးသတိပြုရမှာက ဒီမြို့ကွက်သစ်ချဖို့အတွက် ပြည်သူလူထု တောင်းဆိုခဲ့တာဟာ ကျွန်တော်တို့ အစိုးရအပါအဝင် အစိုးရသုံးဆက်ရှိပါတယ်။ ဘာမှထူးခြား လာခြင်းမရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုဟာ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဆုံးရှုံးနေတဲ့အခွင့်အရေးတွေ ပြန်ရမယ်လို့ အထူးမျှော်လင့်နေကြပါတယ်။ ပြည်သူ့စားဝတ်နေရေး၊ ကျန်းမာရေးအတွက် အဆိုပါရပ်ကွက်သုံးရပ်ကွက်ကို အခြားရပ်ကွက် ၂၀ နည်းတူ မြို့ပြနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ကွက်အမြန်ချပြီး YCDC သို့ လွှဲအပ်ပေးရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေးမှ မေးမြန်းထားတဲ့ ဒလမြို့ကွက်သစ် စီမံကိန်းဖော်ဆောင်ရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိမ်းယူခဲ့သော မြေဧရိယာများအနက်မှ စီမံကိန်း

အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသေးသော ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်များရှိ သိမ်းဆည်းမြေများအား အနာဂတ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့်အချိန်တွင် စတင်မည်၊ မည်မျှအချိန်ကြာမြင့်မည်နှင့် မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒလမြို့နယ်၊ ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်များရှိ သိမ်းဆည်းမြေများသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉-၂-၁၉၉၀ ရက်စွဲပါ အမှတ်တွဲအမှတ်- ၁၀/လန (ဒလ)/၉၀ ဖြင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ- ၃၉ အရ ဒလမြို့ကွက်သစ်စီမံကိန်း ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ရရှိခဲ့ပြီးသော မြေဧရိယာ (၁၄၀၉.၀၂၈) ဧကအတွင်းမှာပါဝင်ပါတယ်။ ဒလမြို့နယ်အား စီမံကိန်းအကောင်အထည်ဖော်ရန် လ/န(၃၉)ရရှိထားပြီးတဲ့မြေများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉၉၀-၁၉၉၁ ခုနှစ်မှစတင်ကာ စနစ်တကျမြို့ကွက်သစ်ဖော်ထုတ်ရေးစီမံချက်အရ မြို့ကွက်ပုံစံ Town Plan များရေးဆွဲဖော်ထုတ်ခဲ့ပါတယ်။ မြေပြင်အနေအထားအရ အကောင်အထည်ဖော်ဆောင်နိုင်သည့် ဧရိယာများဖြစ်တဲ့ မြေတိုင်းရပ်ကွက် (၉)ခုကို မြို့ကွက်သစ်ပုံစံအဖြစ် ဖော်ထုတ်အကောင်အထည်ဖော်ခဲ့ပြီးနောက် ၎င်းမြေတိုင်းရပ်ကွက်များ၏ မြေစီမံခန့်ခွဲမှုများကို ၁၉၉၆ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် စီမံကိန်းအကောင်အထည်ဖော်ရန် ကျန်ရှိတဲ့ ၁၁/၁၄ ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆)နံပါတ်ရပ်ကွက်တို့ကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့ကွက်သစ်ပုံစံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော်လည်း ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အနာဂတ်မြို့ပြဖွံ့ဖြိုးမှုအပေါ်မူတည်ပြီးတော့ Master Plan ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်ရဲ့ ဒီမေးခွန်းမှာပါတာနဲ့ ပတ်သက်လို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဖြစ်တဲ့ ဒုတိယဝန်ကြီးမှ ဖြေကြားတဲ့အတွက် လွန်စွာကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မေးခွန်းမှ အဓိကအချက်ဖြစ်တဲ့ ဒီမြို့ကွက်သစ်စီမံကိန်းဖော်ဆောင်တဲ့နေရာမှာ မည်သည့်အချိန်မှာ စတင်မယ်ဆိုတာကိုတော့ ကျွန်တော်တို့ ပြည်ထောင်စုဒုတိယဝန်ကြီးအနေနဲ့ ဖြစ်နိုင်လို့ရှိရင် တိတိကျကျ ထပ်မံဖြေကြားပေးဖို့ ပြည်သူလူထုရဲ့အဖြေကို သူတို့ပိုမိုသိရှိသွားအောင် ထပ်မံဖြေကြားပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒလမြို့နယ်အပါအဝင် ဒလမြို့နယ်၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်နှင့်

ကြည့်မြင်တိုင်တစ်ဖက်ကမ်း အဲဒီမှာရှာတည်ရှိတဲ့ လှိုင်သာယာမြို့နယ် ဒီမြို့နယ်သုံးခုကို ပူးပေါင်းပြီးတော့မှ အဲဒီမှာ မြေဧက ၄၀၀၀၀ ကျော် ဒါတွေအားလုံးကို ဆက်စပ်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ Master Plan ရေးဆွဲထားပါတယ်။ ရန်ကုန်အနောက်ပိုင်း မြို့သစ်စီမံကိန်းဆိုပြီး ရေးဆွဲထားပြီးတော့ အခု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကောင်အထည်ဖော်မယ့် ပရောဂျက်ထဲမှာ ဒီဒလမြို့ဟာလည်း အပါအဝင်ဖြစ်ပါတယ်ခင်ဗျား။ ဒလရယ်၊ ဆိပ်ကြီး/ခနောင်တိုရယ်၊ လှိုင်သာယာတစ်ဖက်ကမ်းရယ် ပူးပေါင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မည်သည့်အချိန်ကာလမှာ စတင်မလဲဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားရရင်တော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ စတင်မယ့်ရက်ကို ကျွန်တော်တို့ ပြန်ကြားသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင့်။ ကျွန်မကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင် မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်တဲ့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မက နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများအား အရည်အသွေးမီစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေအလေအလွင့်မရှိစေရန်အတွက် Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ မနေ့ကကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့သုံးသပ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားတာကိုတွေ့လိုက်ရပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေများစွာအကုန်အကျခံ တည်ဆောက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေရဲ့အရည်အသွေးမပြည့်မီမှုတွေကို ဓာတ်ပုံအထောက်အထားများနှင့်တကွ ပြည့်ပြည့်စုံစုံထောက်ပြဝေဖန်သွားတာ တွေ့လိုက်ရ

ပါတယ်။ အဲဒီလို တိုင်းပြည်ဘဏ္ဍာအလဟဿဆုံးရှုံးလေလွင့်စေတဲ့ ကိစ္စရပ်တွေရဲ့အမိက အကြောင်းအရင်းကို ကျွန်မတို့အားလုံး သေသေချာချာသိမြင်သဘောပေါက်ပြီး အမြန်ဆုံးကာကွယ်တားဆီးနိုင်ဖို့အတွက် ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ခေတ်အဆက်ဆက်အစိုးရဝန်ကြီးဌာနများမှာ ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်တဲ့ လမ်း၊ တံတားအဆောက်အဦ၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးတွေကို ကိုယ်တိုင်တွက်ချက်၊ ကိုယ်တိုင်စိစစ်၊ ကိုယ်တိုင်ဘတ်ဂျက်ပြင်ဆင်၊ ကိုယ်တိုင်တည်ဆောက်၊ ကိုယ်တိုင်အရည်အသွေးစစ် လုပ်ခဲ့ကြပါတယ်။ အကျိုးဆက်အနေနဲ့ အရည်အသွေး မမီမှုတွေ၊ အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ တစ်သီကြီးဖြစ်ပေါ်စေခဲ့ပြီး ရှေ့ကဆောက် နောက်ကပျက်၊ မကြာခဏပြုပြင်ဖို့ ဘတ်ဂျက်တွေထပ်တောင်းစတဲ့ Conflict of Interest ဆိုတဲ့ အဆိုးသံသရာလည်ပြီးတော့ နှစ်စဉ်ဘဏ္ဍာငွေအမြောက်အမြား လေလွင့်ဆုံးရှုံးခြင်း အဖက်တင်ခဲ့တာကို သိရှိရပါတယ်။ တကယ်ကတော့ အစိုးရဝန်ကြီးဌာနများဟာ Regularity body တွေဖြစ်ပြီး ထုတ်ပြန်ချမှတ်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပြီး စည်းကမ်းချက်များနဲ့ညီ၊ မညီကိုသာ အဓိကထားစစ်ဆေးကြပ်မတ်အရေးယူရမယ့်တာဝန်ရှိပါတယ်။ အထူးသဖြင့် အစိုးရရဲ့ ဆည်မြောင်း၊ လမ်း၊ တံတား၊ အဆောက်အဦ၊ ရေ၊ မီး၊ လျှပ်စစ်စတဲ့ လုပ်ငန်းများနှင့်ပတ်သက်လာရင် ကျွန်မတင်ပြခဲ့သလို ကိုယ်တိုင်ဘတ်ဂျက်ဆွဲ၊ ကိုယ်တိုင်စိစစ်၊ ကိုယ်တိုင်တည်ဆောက်၊ ကိုယ်တိုင်အရည်အသွေးစစ်လုပ်နေသမျှကာလပတ်လုံး အရည်အသွေးမီတဲ့၊ စံချိန်စံညွှန်းပြည့်မီတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဘယ်တော့မှဖြစ်လာမှာ မဟုတ်သလို ပြည်သူ့ဘဏ္ဍာအဟောသိကံဖြစ်မှုတွေကို ကာကွယ်တားဆီးနိုင်မှာမဟုတ်ပါဘူး။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ Third Party စနစ်ဆိုတာ လုပ်ငန်းရှင်က အစိုးရဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ မိမိရဲ့လုပ်ငန်းအရည်အသွေးပြည့်မီစွာရရှိရေး၊ ဘဏ္ဍာငွေဆုံးရှုံးလေလွင့်ပြုန်းတီးမှုမဖြစ်စေရေးအတွက် ပြင်ပတတိယအဖွဲ့အစည်းတစ်ခုကို တန်ဖိုးငွေတစ်ရပ်နဲ့ မိမိကိုယ်စားတာဝန်ယူ၊ တာဝန်ခံခိုင်းပြီး လုပ်ငန်းဆောင်ရွက်သူ ကန်ထရိုက်ရဲ့လုပ်ငန်းများကို ကြပ်မတ်စစ်ဆေးအာမခံစေတဲ့စနစ်ဖြစ်ပါတယ်။ Geologist, Environmentalist, Town Plan ပညာရှင်တွေနဲ့ သက်ဆိုင်ရာပညာရှင်ပေါင်းစုံ ချိတ်ဆက်တာဝန်ယူရတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ အခုဆိုရင် ကျွန်မတို့ နိုင်ငံမှာ နိုင်ငံတကာအတွေ့အကြုံများစွာရှိတဲ့ Structure Engineer တွေ၊ Mechanical Engineer တွေ၊ Electrical Engineer တွေ၊ Architect တွေအစရှိတဲ့ ကဏ္ဍစုံက အင်ဂျင်နီယာများဟာ အင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုလက်မှတ်ရယူပြီး ဒီတာဝန်ကိုထမ်းဆောင်ဖို့ အသင့်ဖြစ်နေတာကို ဝမ်းမြောက်စွာမြင်တွေ့ကြားသိရပါတယ်။ များပြားလှတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေအတွက် ဒီလိုပြင်ပ Consultant Engineer ပညာရှင်တွေက မိမိတို့ပညာရပ်ကိုတန်ဖိုးထား၍ တိုင်းပြည်အပေါ် စေတနာထား၍ Third Party Consultant Fund များအနေနဲ့ အစိုးရရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ကြမယ်ဆိုရင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီတဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖြစ်လာစေမယ့်အပြင် ပြည်သူ့ဘဏ္ဍာနဲ့တည်ဆောက်တဲ့လုပ်ငန်းတွေဟာ ကုန်ရကျိုးနပ်တဲ့လုပ်ငန်းတွေဖြစ်လာမှာသေချာပါတယ်ရှင်။

ဒါ့အပြင် နိုင်ငံတကာအတွေ့အကြုံများစွာနဲ့ပြန်လာတဲ့ ကျွန်မတို့နိုင်ငံသား အင်ဂျင်နီယာတွေ၊ ပညာရှင်တွေအတွက်လည်း အလုပ်အကိုင်၊ အခွင့်အလမ်းတွေ မြောက်မြားစွာဖြစ်ထွန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တခြားနိုင်ငံတွေလို ပုဏ္ဏားတိုင်အဖွဲ့အစည်းဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အဖွဲ့အစည်းတစ်ရပ်လည်းလိုအပ်ပါတယ်။ ဥပမာ- ကျွန်မတို့ဆီမှာဆိုရင် အထပ်မြင့်အဆောက်အအုံတွေကိုစစ်ဆေးတဲ့ CQHB လိုအဖွဲ့အစည်းတွေ၊ Third Party လိုအဖွဲ့အစည်းတွေက မိမိတို့တာဝန်ကို မှန်ကန်စွာ မဆောင်ရွက်ခဲ့ဘူးဆိုရင်၊ လုပ်ငန်းတွေအရည်အသွေးမမီခဲ့ဘူးဆိုရင် ဒီအဖွဲ့အစည်းတွေကို ထိန်းကျောင်းတည့်မတ်အရေးယူခွင့်ရှိတဲ့ ဥပမာ - စင်ကာပူမှာဆိုရင် BCA-Building Control Authority လိုအဖွဲ့အစည်းတစ်ရပ်လည်း လိုအပ်လာပါတယ်။ ဒီတာဝန်ကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက တာဝန်ယူသင့်ပါတယ်။ ဒါပေမဲ့ အဲဒီတာဝန်ကိုယူနိုင်ဖို့အတွက် အင်ဂျင်နီယာကောင်စီနဲ့ CQHB တို့ကို လိုအပ်ချက်နှင့်လျော်ညီစွာ ပြင်ဆင်ဖွဲ့စည်းဖို့လည်း လိုအပ်ပါတယ်။ နောက်ပြီးတော့လည်း Third Party Audit စနစ်ထားပြီးတော့ အမှတ်ပေးစနစ်လည်းရှိသင့်ပါတယ်ရှင်။ ရေရှည်မှာတော့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကမွေးထုတ်လိုက်တဲ့ Professional အင်ဂျင်နီယာတွေ၊ RE, RSE လက်မှတ်ရတဲ့အင်ဂျင်နီယာတွေဟာ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ Consentient တွေအဖြစ်နဲ့ Third Party ရဲ့အလုပ်ကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာရဲ့ လက်တွေ့ကျင့်သုံးနေတဲ့ အခြေအနေတွေအရဆိုရင် အလုပ်ရှင်၊ ကန်ထရိုက်နဲ့ လွတ်လပ်တဲ့တတိယအဖွဲ့အစည်းတို့ဟာ တည်ဆောက်ရေးလုပ်ငန်းတစ်ခုမှာ ကိုယ်စီ၊ ကိုယ်စီတာဝန်ယူတာဝန်ခံရတဲ့အစိတ်အပိုင်းတွေရှိပါတယ်။ သူတို့အားလုံး စုပေါင်းတာဝန်ယူရတဲ့လုပ်ငန်းတစ်ခု၊ အရည်အသွေးမပြည့်မီခြင်း၊ အချိန်မတန်မီပျက်စီးဆုံးရှုံးခြင်းစတာတွေကို ဖြစ်ပွားပေါ်ပေါက်လာတဲ့အခါ ဘယ်သူ့တာဝန်၊ ဘယ်အစိတ်အပိုင်းက ချို့ယွင်းအားနည်းတယ်၊ ဘာ့ကြောင့်ဖြစ်ရတယ် စတဲ့အချက်ပေါ်မှာမူတည်ပြီး တရားရုံးမှာ သက်သေအထောက်အထားများနှင့် ငြင်းခုံဆုံးဖြတ်သုံးသပ်ကြရပါတယ်။ ဒီဇိုင်းရဲ့ချို့ယွင်းချက်ကြောင့်ဆိုရင် ဘယ်သူ့မှာတာဝန်ရှိတယ်။ ကန်ထရိုက်ရဲ့ချို့ယွင်းချက်ဆိုရင် ဘယ်သူ့မှာတာဝန်ရှိတယ်။ အရည်အသွေးစစ်ဆေးတဲ့အပိုင်း အားနည်းတယ်ဆိုရင် ဘယ်သူ့မှာတာဝန်ရှိတယ်။ ပစ္စည်းရဲ့ Quality ညံ့ရင် ဘယ်သူ့တာဝန် အစရှိသဖြင့် တာဝန်ယူတာဝန်ခံမှု၊ တာဝန်ရှိမှုအပိုင်းအလိုက် တာဝန်ယူကြရပါတယ်။ ထိုက်သင့်သလိုလျော်ကြေးပေးရတယ်။ အမည်ပျက်စာရင်းအသွင်းခံရတယ်။ လုပ်ငန်းကိုပြန်လျော်ပေးရတယ်။ ဥပဒေအရ အရေးယူခံရတယ်ဆိုတဲ့ လျော်ညီတဲ့ပစ်ဒဏ်တွေလည်း အပစ်ရှိသူတွေကို ထိထိရောက်ရောက်ပေးဆပ်ခံစားစေပါတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ အကြံပြုတင်ပြလိုတာကတော့ Third Party သည် ဒီဇိုင်းအဆင့်ကစပြီးတော့ အရည်အသွေးကိုလည်း စစ်ဆေးပါ။ အရည်အသွေးကိုလည်း အာမခံပါ။ လွတ်လပ်စွာရပ်တဲ့ Professional အဖွဲ့အစည်းအနေနဲ့လည်း ရပ်တည်ပါ။ လုပ်ငန်းနှင့်လျော်ညီစွာ တာဝန်ယူမှု၊ တာဝန်ခံမှုလည်းရှိပါ။ ဒါမှသာ ခေတ်အဆက်ဆက်ဖြစ်ပွားခဲ့တဲ့ အစိုးရရဲ့တည်ဆောက်ရေးလုပ်ငန်းတွေ အရည်အသွေးမီမီနဲ့ ပြည်သူ့ဘဏ္ဍာကုန်ရကျိုးနပ်တဲ့လုပ်ငန်းတွေဖြစ်စေမှာဖြစ်သလို နိုင်ငံ့ဖွံ့ဖြိုးရေးကို အထောက်အပံ့ပေးမယ့် Third Party အဖွဲ့အစည်းတွေလည်း ဖြစ်ထွန်းပေါ်ပေါက်

လာမှာဖြစ်ပါတယ်။ ဒါ့အပြင် အလုံးစုံတာဝန်ယူကြရမယ့် Third Party တွေမှာ အာမခံနိုင်တဲ့ငွေကြေး ပိုင်ဆိုင်မှုတွေလည်း သတ်မှတ်ပေးဖို့လိုအပ်ပါတယ်။ သူတို့အတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမယ့်လုပ်ထုံးလုပ်နည်းတွေကိုလည်း ထုတ်ပြန်ပေးဖို့လိုအပ်ပါတယ်။ တာဝန်ယူရမယ့်လုပ်ငန်းတန်ဖိုး ပမာဏအလိုက် ၎င်းတို့ရရှိသင့်တဲ့ငွေကြေးကိုလည်း တိကျစွာခွဲခြားသတ်မှတ်ထားသင့်ပါတယ်။ နောက်တစ်ဖန် အဓိကကျတာတစ်ခုကတော့ Third Party နဲ့ Owner Contradicter တို့သည် အကျိုးစီးပွားပတ်သက်မှု လုံးဝကင်းရှင်းရမယ်ဆိုတဲ့ တိကျတဲ့စည်းကမ်းချက်လိုအပ်ပါတယ်ရှင့်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတစ်ဝန်းလုံးက တည်ဆောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကြီးကြပ်လုပ်ကိုင်စေခြင်း၊ ဝန်ထမ်းမလုံလောက်လို့ တိုးမြှင့်ခန့်ထားခြင်းတို့ဟာ နိုင်ငံတော်အတွက် လစာ၊ ပင်စင် စတဲ့ဝန်ထုပ်ဝန်ပိုးတွေဖြစ်စေပါတယ်။ ပုဂ္ဂလိကတည်ဆောက်ရေးကုမ္ပဏီများ၊ စစ်ဆေးရေး Third Party အဖွဲ့အစည်းများစတဲ့ ပုဂ္ဂလိကကဏ္ဍများကို နိုင်ငံတော်က အားပေးကူညီခြင်းအားဖြင့် (၁)တည်ဆောက်ရေးလုပ်ငန်းများရဲ့အရည်အသွေးတက်လာမယ်။ (၂) အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများမှာတော့ တည်ဆောက်ရေးလုပ်ငန်းတွေတင်မက ကဏ္ဍစုံမှာ Third Party စနစ်ကို ထားရှိပြီး ပြည်သူလူထုအတွက် ဘေးကင်းလုံခြုံစိတ်ချရတဲ့ အာမခံတဲ့အခြေအနေတစ်ရပ်ကို ဖန်တီးနေကြပြီဖြစ်ပါတယ်။ ဒီစနစ်ကို အသုံးပြုလို့ ဒီလိုလုံခြုံစိတ်ချရမှုအပြင် အရေးကြီးတဲ့နောက်ထပ်အကျိုးကျေးဇူးကတော့ အကျင့်ပျက်ခြစားမှုကို ကာကွယ်နိုင်ခြင်းဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ခြင်းအားဖြင့် နောက်ထပ်အကျိုးကျေးဇူးကတော့ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုမှာ ပြည်သူ့ဘဏ္ဍာငွေတွေနဲ့ဆောင်ရွက်ရတဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးပြည့်မီမြင့်မားစေချင်တဲ့စေတနာက ပေါ်လွင်ထင်ရှားနေပါတယ်။ နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေ အရည်အသွေးပြည့်ဝဖို့အတွက် တတိယအဖွဲ့အစည်း Third Party နဲ့ဆောင်ရွက်ဖို့ ဒီအဖွဲ့အစည်းမှာ ဘယ်လိုလူမျိုးတွေပါဝင်သင့်တယ်။ ဒီအတွက် ဘယ်လိုဥပဒေတွေလိုအပ်တယ်ဆိုတာတွေကို ပြည့်ပြည့်စုံစုံထည့်သွင်းဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ဒီအချက်တွေဟာ သိပ်အရေးကြီးပါတယ်။ တစ်ချိန်က အစိုးရဌာနတွေက ကန်ထရိုက်တာတွေကို တိုက်ရိုက်ကြီးကြပ်ခဲ့တဲ့အတွက် မလိုလားအပ်တဲ့ချစားမှုတွေဖြစ်ခဲ့တာဖြစ်ပါတယ်။ အချို့နေရာတွေမှာ တတိယအဖွဲ့အစည်းက

စိစစ်ပေမယ့် တာဝန်ခံမှုကိုတော့ မူရင်းကန်ထရိုက်တာဘက်ကိုချည်းပဲ ထားနေခဲ့တာလည်း တွေ့ရပါတယ်။ အမှန်ကတော့ စစ်ဆေးတဲ့အဖွဲ့အစည်းဟာလည်း သူတာဝန်ခံသင့်တဲ့အပိုင်းကို တာဝန်ခံရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ Third Party ရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ Third Party ရဲ့ အရေးပါပုံဆိုပြီးတော့ နှစ်ပိုင်းခွဲပြီးတော့ ဆွေးနွေးလိုပါတယ်။ ပထမပိုင်းအနေနဲ့ Third Party ဟာ ဘယ်လိုတွေအလုပ်လုပ်ကြရတယ်ဆိုတဲ့အပိုင်းကို အနည်းငယ်ဆွေးနွေးတင်ပြလိုပါတယ်။ အရည်အသွေးစီမံခန့်ခွဲတဲ့ Quality Management System မှာဆိုရင် အဓိကသုံးပိုင်းရှိတာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ အရည်အသွေးထိန်းချုပ်မှု (QC-Quality Control)၊ အရည်အသွေးသေချာမှု(Quality Assurant)နဲ့ အရည်အသွေးပြန်လည်စစ်ဆေးမှု(Quality Check)အပိုင်းတွေပဲဖြစ်ပါတယ်။ ပထမဆုံးအပိုင်းဖြစ်တဲ့ QC မှာဆိုရင် Design အဆင့်ကနေ ဆောက်လုပ်ရေးစီမံခန့်ခွဲမှုစနစ်။ ဆိုလိုတာက အလုပ်သမား၊ လုပ်ငန်း၊ စက်ကိရိယာအင်အား၊ အင်ဂျင်နီယာနှင့် ကြီးကြပ်မှုအဆင့်ဆင့်အထိ သူတို့တွေရဲ့ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်မှုစနစ်တွေကို စစ်ဆေးရတာဖြစ်ပါတယ်။ ဒီထဲမှာ အရေးပေါ်အခြေအနေတုံ့ပြန်မှုတွေ၊ ပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေတဲ့အစီအစဉ်တွေအထိပါပါတယ်။ အဲဒီနောက်မှာမှ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်း အရည်အသွေးတွေ၊ လုပ်ဆောင်မှုအဆင့်ဆင့်ရဲ့အရည်အသွေးပြည့်မီမှုတွေကို တစ်ဆင့်ချင်းစောင့်ကြပ်စစ်ဆေးရတာ ဖြစ်ပါတယ်။ Quality Assurant (QA)မှာဆိုရင်တော့ တစ်ဆင့်ချင်းဆောက်လုပ်ထားမှုအပေါ် အရည်အသွေးပြည့်မီမှုတွေကို နမူနာနေရာတွေအလိုက် စစ်ဆေးကြရပါတယ်။ ဒီအတွက် စံချိန်စံညွှန်းတွေလည်းလိုအပ်ပါတယ်။ တချို့အပိုင်းတွေကတော့ တည်ဆဲစည်းမျဉ်းတွေမှာ ပါရှိထားပြီးဖြစ်ပြီးတော့ လိုအပ်တာတွေကိုတော့ ထပ်ဖြည့်ဆည်းတည်ဆောက်ရပါမယ်။

နောက်ဆုံးအဆင့်ဖြစ်တဲ့ Quality Check မှာတော့ Third Party ရော၊ အစိုးရဌာနရော အဆိုရှင်တင်ပြသွားတဲ့ Building Control Authority လို အဖွဲ့အစည်းရော ပူးပေါင်းပြီးတော့ တည်ဆောက်ပြီးစီးတဲ့ အဆောက်အအုံတွေဟာ တကယ်အရည်အသွေးပြည့်မီမှုရှိ/မရှိ စိစစ်ရတာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းစဉ်အဆင့်ဆင့်ကို တာဝန်ယူမှု၊ တာဝန်ခံမှုအဆင့်ဆင့်နှင့် ဆောင်ရွက်သွားမယ်ဆိုရင် ပြည်သူတွေအနေနဲ့ ပေးကားပေး၏မရဆိုတဲ့အဖြစ်မျိုးက လွတ်ကင်းပြီးတော့ အရည်အသွေးကောင်းတန်ဖိုးရှိတဲ့ အဆောက်အဦ၊ လမ်းတံတားများကို ထိုက်တန်စွာရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယပိုင်းအနေနဲ့ Third Party ရဲ့အရေးပါမှုကို ဆွေးနွေးလိုပါတယ်။ အဆိုရှင်က Third Party ရဲ့ အရေးပါမှုအခန်းကဏ္ဍကို နိုင်ငံပိုင်အဆောက်အဦတွေနဲ့ပတ်သက်ပြီးတော့ ဦးစားပေးတင်ပြသွားတဲ့အတွက် ကျွန်မအနေနဲ့ တခြားပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းတွေမှာလည်း Third Party ရဲ့ အရေးပါမှုကို အနည်းငယ်တင်ပြလိုပါတယ်။ ရန်ကုန်မှာဆိုရင် မြို့တော်စည်ပင်နဲ့ CQHB(Committee for Quality Control of High Right Building)တို့က အဆောက်အဦတစ်ခုတည်ဆောက်တိုင်း လျှော်ဒဏ်ခံနိုင်မှု၊ မုန်တိုင်းဒဏ်၊ ရေကြီးမှုဒဏ်ခံနိုင်မှု စတာတွေကိုကြီးကြပ်စစ်ဆေးပါတယ်။ ဒီအပိုင်းမှာလည်း ဌာနရဲ့ကြီးကြပ်မှုအပြင် Third Party အင်ဂျင်နီယာအဖွဲ့တွေရဲ့ကြီးကြပ်မှုက ပိုပြီးတော့ထိရောက်သေချာလှပါတယ်။ ဒီလိုစစ်ဆေးခြင်းအားဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်က ဆောက်လုပ်သောအဆောက်အဦတွေဟာ သဘာဝဘေးဒဏ်ခံနိုင်မှု၊ အရည်အသွေး

ပြည့်မီလာမှုတွေကြောင့်မို့လို့ ဒီအဆောက်အဦတွေမှာ နေထိုင်မယ့်ပြည်သူတွေအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချမှုကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ နောင်အနာဂတ်ကာလမှာလည်း ဒီလို Third Party ရဲ့စစ်ဆေးချက်တွေဟာ ပိုင်ဆိုင်သူတွေအတွက် တိုက်ခန်းကိုအပေါင်ထားပြီးတော့ ဘဏ်ချေးငွေရရှိဖို့၊ အာမခံထားလို့ လွယ်ကူဖို့စတဲ့ကိစ္စတွေအတွက်ပါ အသုံးဝင်လာမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်များအတွက်လည်း သိက္ခာရှိတဲ့ Third Party စစ်ဆေးပြီးသားအဆောက်အဦများအဖြစ် ဂုဏ်ယူစွာရောင်းချနိုင်မှာဖြစ်တဲ့အတွက် အဖက်ဖက်ကအကျိုးရှိတဲ့ Win-Win Situation ဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ အင်ဂျင်နီယာကောင်စီအသိအမှတ်ပြု အင်ဂျင်နီယာတွေဖြစ်တဲ့ PE ၊ RSE စတဲ့ အင်ဂျင်နီယာတွေ အဆင်သင့်ရှိနေတာကိုလည်း စောင်းပေးပြောသွားတာ တွေ့ရပါတယ်။ အခုလို Third Party တွေဟာ တည်ဆောက်ရေးလုပ်ငန်းတိုင်းမှာ မရှိမဖြစ်ဖြစ်လာမယ်ဆိုရင် မျိုးဆက်သစ် အင်ဂျင်နီယာငယ်တွေလည်း ဒီမိုကရေစီခေတ်သစ်ရဲ့လိုအပ်ချက်နဲ့မီအောင် ကြိုးစားပြီး သိက္ခာရှိတဲ့ အင်ဂျင်နီယာပညာရှင်တွေဖြစ်အောင် အားထုတ်လာကြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အစိုးရနဲ့လုပ်ငန်းရှင်တွေရဲ့ကြားမှာ ဖြစ်နိုင်တဲ့ အဂတိတရားကို ဖယ်ရှားနိုင်ဖို့အတွက် ဒီနေ့ ကမ္ဘာ့နိုင်ငံတွေမှာ အဆိုရှင်တင်ပြတဲ့ Third Party Control စနစ်ဟာ ပေါ်ပေါက်လာရတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဖြစ်ပြီးခဲ့တာတွေကို ထပ်ခါထပ်ခါပြန်ပြောင်းပြောဆိုနေရခြင်းက စိတ်မသက်သာမှုကိုသာ ဖြစ်စေပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အနာဂတ်နိုင်ငံကို ဆက်လက်တည်ဆောက်တဲ့အခါမှာ အကောင်းဆုံးတွေဖြစ်စေဖို့ ဒီနေ့ကစပြီးတော့ လုပ်ဆောင်ရမယ့်အချက်ပေါင်းများစွာ၊ နည်းလမ်းပေါင်းများစွာထဲက သိသာထင်ရှားပြီး အရေးကြီးတဲ့ ဒီလမ်းစဉ်ကို မီးမောင်းထိုးပြခြင်းသာဖြစ်ပါတယ်။ Third Party စနစ်ကို ထိရောက်မှန်ကန်စွာအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများ အလေအလွင့်ဖြစ်မှုကို ကာကွယ်နိုင်မှာဖြစ်ပြီးတော့ အစိုးရကစီမံပေးနိုင်သလောက် ပြည်သူများ အပြည့်အဝအကျိုးရှိခံစားရမှာဖြစ်တဲ့အတွက် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသော နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကိုမှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း အလေးအနက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပါရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၁၁-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့(၁၄-၈-၂၀၁၇ ရက်နေ့) လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၆-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲ အလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်များကို အတည်ပြုခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ (ဃ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် ၃၀ ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ကျွန်တော် ဦးဇော်ဝင်းမှ အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)ကို အမျိုးသားလွှတ်တော်၌ ၃-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၀-၇-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(၄၄)ရက်မြောက်နေ့ဖြစ်သည့် ၁၄-၈-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေ ကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆို များကို ၁၆-၈-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော် ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ဒေါက်တာ ဦးအောင်ခင် (ပြင်ဦးလွင်မဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း (ရွာတောမဲဆန္ဒနယ်)၊ ဦးတင်ကိုကိုဦး (ဘီးလင်း မဲဆန္ဒနယ်) ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေးကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စ ရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၃၀-၁၀-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် အချက် ၃၀ ကို အမျိုးသားလွှတ်တော်၏ အတည်ပြု ချက်များအတိုင်း သဘောတူလက်ခံခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသား လွှတ်တော်၏ အတည်ပြုချက် အချက် ၃၀ ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၃၀ ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူ ထားတဲ့ ၃၀ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏

ပြင်ဆင်ချက်အနက် ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၃၀ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၁၄ ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၄ ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၄ ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ သဘောထားပြောပါ။

**ဦးမော်သန်း(စာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးလည်းပဲ ဆွေးနွေးပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၁၄ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၄ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇)တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားကြောင်းနှင့်အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၀၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၀၇ နာရီအချိန် တွင် ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၁.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



**ဦးကံမြင့်**
**(သရက် မဲဆန္ဒနယ်)**



**ဦးဖုံးတိန့်**
**(ချီဖွေ မဲဆန္ဒနယ်)**



**ဦးမောင်မောင်**
**(ထီးချိုင့် မဲဆန္ဒနယ်)**




**ဦးမျိုးဇော်ဦး**
**(လယ်ဝေး မဲဆန္ဒနယ်)**



**ဦးခင်အေး**
**(နတ်တလင်း မဲဆန္ဒနယ်)**



**ဒေါက်တာဦးစိန်မြအေး**
**(ဒလ မဲဆန္ဒနယ်)**



**ဦးကျော်လင်း (ဒုတိယဝန်ကြီး)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်